ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရေတွင်းကန့်လန့်ကျွန်းရွာ

ကျောင်းကုန်းမြို့

ကျွန်းရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျွန်းရွာဖွံ့ဖြိုးရေးအဖွဲ့

လူသန့်ချောင်ကျွန်းရွာအုပ်စု၊ ရေတွင်းကန့်လန့်ကျွန်းရွာ၊

ကျောင်းကုန်းမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ

ရေတွင်းကန့်လန့်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၈-၂၀၂၂

မာတိကာ

ကျေးဇူးတင်လွှာ ၁

စကားနိဒါန်း ၁

ရေတွင်းကန့်လန့်ကျေးရွာ သယံဇာတပြမြေပုံ ၃

ရာသီခွင်ပြ ပြက္ခဒိန် ၄

အပိုင်း(က) ရေတွင်းကန့်လန့်ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က)ရည်ရွယ်ချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်

၃။ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာဆိုင်ရာ

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

စီမံချက်တစ်ခုချင်းစီအတွက် အမှတ်ပေးဇယား ၁၃

ရေတွင်းကန့်လန့်ကျေးရွာ၏ ဦးစားပေးဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ ၁၄

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ ၁၅

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်

စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့်စိန်ခေါ်မှုများ

ဖ။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်
မြို့နယ်နှင့်ထက်အဆင့်မှကူညီ ဖြေရှင်းရမည့် ကိစ္စများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၂၃

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၂၄

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓန အဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်
အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူး လိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု
အခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား – မ ရေးရာ ကိစ္စ ရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား ၄၆ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ရေတွင်းကန့်လန့် ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၄

ရေတွင်းကန့်လန့် ကျေးရွာ ဝမ်းစာဖူလုံမှု အခြေအနေနှင့် အကြွေးတင်မှု
စစ်တမ်းကောက်ယူခြင်း ၆၉

ကျေးဇူးတင်လွှာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ရှေးဦးစွာ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ၊ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအချက်အလက်များနှင့် နည်းပညာအကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွတ်တော် ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် တကွ ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရပ်မိရပ်ဖ များ ငွေအား၊ လူအင်အား၊ တတပ်တအား ပါဝင်ဆောင်ရွက်ပေး ကြပါသော ကျေးရွာသူ၊ ကျေးရွာသားများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

စကားချီ

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။ စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို စုပေါင်းအားဖြင့် အသုံးပြု၍ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ရှိခဲ့ပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့ အရေးပါမှုတို့ သိရှိရုံသာမက ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ လိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဆင့် ဌာန ဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါမည်။ ဤလုပ်ငန်းသည် ဆက်လက်

လုပ်ဆောင်ရမည် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုတစ်ပတ်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက် သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ နှင့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုမူ ဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက် နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများ ကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီ အစဉ်များ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၈

လူသန့်ချောင်ကျေးရွာအုပ်စု၊ရေတွင်းကန့်လန့်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ ၊ ကျောင်းကုန်းမြို့


ကျောင်းကုန်းမြို့နယ်၊ ယူသန့်ရှောင်ကျဉ်းရွာအုပ်စု
ရေတွင်းကန်လန့်ကျေးရွာ၏ သဘာဝသယံဇာတပြ မြေပုံ
မ
ကျဉ်းမျောက်ပြိုး
အင်းရိုး - သုံးခွလမ်း
ကျောင်းကုန်းမြို့
ရပ်ကွက်အိုးပျဉ်ဖက် ဘုရားလမ်း+ကုန်းလမ်းဆီသို့
ရပ်ကွက်ပြည်နယ်ဘက်
ရပ်ကွက်ပြည်နယ်ဘက်
ပြဿနာကြီး
ဥပဒေသညွှန်းချက်
ကိုယ်တူကိုယ်ထကျောက်ချောင်
ယူနေအိမ်
ထက်ဒိုစိတ်ဝံကင်
ရေနူတ်ခြောင်း
အ.မ.က ဘာသင်ကျောင်း
လယ်
ရိုးချောင်း
ကျေးလက်ဆက်ရေတွင်း
ရေးဆွဲသူ - ဦးလှိုင်ထွန်းဦး (၂၀.၁၀.၂၀၁၈)

လူသန့်ဆောင်ကျွေးမွေးခြင်းလုပ်ငန်းကျွေးမွေး ရာသီခွင်ပြကွဒ်နှိုင်

အကြောင်းအရာ	တန်ဆိုး	ကညို	နွေယာဉ်	ဖိနွေ	ဘီခြင်္သေ့	တော်သင်းထင်း	ဆင်းကျွဲတော်	ဆုတ်ဆောင်းမုန်း	ဆုတ်တော်	ကြာသီ	တပို့တွဲ	တပေါင်း
အလုပ်အကိုင်	← ကျား →			← ငိုကျား →		← အသင့်အတင့် →						
ရာသီဥတု	နေအလွန်းဆုံး	နေအလွန်းဆုံး	သာမန်	သာမန်	သာမန်	သာမန်	သာမန်	သာမန်အောက်	← အလွန်း (အေး) →		သာမန်နှင့်ဆုံး	အလွန်းဆုံး
သဘာဝဘေး	အရမ်းဆုံး	သာမန်	မိုးကျွာ	← မိုးကျွာ/မရေရာမှုနိုး →								
ပွဲတော်	ဒေါက်ကြိုတိုး	← ညောင်ရေသွန်းပွဲ →		← တရားပွဲ →		ကထိန်	မီးထွန်း	← စံညီဆုပေးပွဲ →				
တည်ကျွေး		← ဝမ်းပျက်ဝမ်းလျှောနှုန်း →			ဖျားနာ	← ကြက်/ဝက်/နွားတည်ကျွေး →						
မိုးစပါး	← ပျိုးကြဲ →			← ခိုက်ပျိုး →		← ရိတ်သိမ်း →						
ဆောင်းစပါး						← ခိုက်ပျိုး →		← ရိတ်သိမ်း →				
နွေစပါး								← ခိုက်ပျိုး →				ရိတ်သိမ်း
ရေ	←					ငုံမှုန်ညှို						→
ဝင်ငွေ	နည်း	နည်း	နည်း	နည်း	နည်း	← အသင့်အတင့် →		← ကောင်း →			နည်း	နည်း
ပဲအမျိုးမျိုး							← ခိုက်ပျိုး →				← နှုတ်/ရိတ် →	

အပိုင်း(က) ရေတွင်းကန့်လန့်ကျွန်းရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို နိုင်ငံတော်အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့ပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်း လင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ

ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ ကျေးရွာအဆင့်အဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ရေတွင်းကန့်လန့်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့ အစည်းများ သည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင်သော ၄င်းတို့၏ သုတေသန လုပ်ငန်းများကို စီစဉ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခု ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင် ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထု ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူထုပါဝင်စုစည်းစေခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွန်ုပ် တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များ အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် အင်းရဲ-သုံးခွ ကားလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ ကျောင်းကုန်းမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်း ကြောင်းရန် အတွက် အဓိကအားထားရာဖြစ်သည်။ နှစ်စဉ်စိုက်ပျိုးမြေအနည်းငယ်တွင် ရေကြီး နစ်မြုပ်ခြင်း ခံရသောကြောင့် ပျက်စီးမှုများ ကြုံတွေ့ခံစားရသော်လည်း စီးပွားရေးလုပ်ငန်းများ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးသည့် အထိ မတွေ့ကြုံရသေးပါ။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအများအပြားရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတတွင်းထွက်များ မထွက်ရှိပါ။ တောင်သူများမှာ မြောင်းရေ/ တွင်းရေများဖြင့် လယ်မြေဧက(၁၀၀ ဧက)ကျော်ကို ရေသွင်းရန် နွေသီးနှံအဖြစ် စိုက်ပျိုးကြသည်။ မြေအောက်ရေ အသုံးပြုမှုပိုများပါသည်။ ထွန်ယက်၍ စိုက်ပျိုးနိုင်သည့် ဧက (၃၆၀.၈)ကျော်ရှိပြီး မိုးစပါး၊ ပဲနှင့် နွေစပါးကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၅၂)စုနှင့် ကျား (၂၆၈)၊ မ(၂၇၁)ဦးဖြင့် လူဦးရေပေါင်း (၅၃၉)ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ ( )ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူဦးရေ အများဆုံး နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ် နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ကျေးရွာ၏ (၃ ပုံ ၁ ပုံ)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်ရာတွင် အိမ်ထောင်စု အားလုံး၏ ၆၀%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအဖြစ် ခံယူကြပြီး ၁၅%သည် ချမ်းသာသည့်အဆင့်၊ ၂၅ % သည် အလယ်အလတ်အဆင့်တွင်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စု၏ (၆၅%)ခန့်သည် လယ်မြေပိုင်ဆိုင်ကြပြီး လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနည်းပါးပြီး မြောင်းရေ/ မြေအောက် ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ တစ်အိမ်ထောင်ချင်းစီ၏ ဝင်ငွေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်သွယ်ရေးလမ်းများ ဖွံ့ဖြိုးလာမှု၊ နီးစပ်ရာ အသုတ်မြို့နှင့် ကျောင်းကုန်းမြို့များနှင့် ကားလမ်းဆက်သွယ်မှုရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှု များမှာ မြန်ဆန်လာပြီး ဈေးကွက်တစ်ခုကို ဖန်တီးနိုင်သော အနေအထားကြောင့် ရောင်းဝယ်မှုများ

ပိုမိုတိုးတက်လာပါသည်။ လယ်သမားများသည် လယ်ယာမြေအပြင် အခြားရောင်းဝယ်မှုများနှင့် ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများ များပြားသော်လည်း ရာသီအလိုက် လယ်ယာ လုပ်ငန်း၊ လက်လီ၊ လက်ကား၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၈)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၂၀%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း ၊ ၃၀%မှာ- သူတစ်ပါးထံမှ မချေးမငှားပဲ သုံးလခန့် နပ်မှန်စားသုံးနိုင်ကြကြောင်း၊ ၂၀%မှာ- သုံးလမှ ခြောက်လခန့်၊ ၃၀%မှာ ဖိလမှ ၁၂ လခန့် သူတစ်ပါးထံမှ မချေးမငှားပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် ဆွေမျိုး မိတ်ဆွေများထံမှ ချေးယူရခြင်း၊ အတိုးပေးသူများထံမှ ချေးယူရခြင်း၊ အန်ဂျီအို အဖွဲ့အစည်းများမှ ချေးယူရခြင်း၊ ကြွေးမြီများမှာ အတိုးနှုန်းမြင့်မားပြီး ကာလတို ချေးငွေများဖြစ်ကြသည်။

အိမ်ထောင်စုအားလုံး၏ (၁၄)%သည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ကြ သည်။အိမ်ထောင်စု(၂)စုသည် မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု ဖြစ်သည်။ ထိခိုက် လွယ်သော အိမ်ထောင်စု မရှိသလောက် နည်းပါးပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာ ကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားတတ်သည်ကို တွေ့ရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှု အသိအမြင်များရှိကြပါသည်။ ကျေးရွာနှင့် မနီးမဝေးတွင် ကျေးလက်ဆေးခန်းရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်သည်။ ထို့အပြင် အရေးပေါ် ပြင်းထန်သော

ရောဂါများအတွက် (၁၀)မိုင်ခန့်သာဝေးသော ကျောင်းကုန်း ဆေးရုံသို့ လည်းကောင်း၊ (၃)မိုင်ခန့် ဝေးသော အသုတ်မြို့သို့လည်းကောင်း အချိန်မရွေး သွားရောက်ကုသမှု ခံယူနိုင်ပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ အင်ဂျင်သုံးစက်ရေတွင်းများမှ သောက်သုံးရေ များကို အလွယ်တကူရရှိနိုင်ကြပါသည်။ ရေကောင်းရေသန့် ရရှိမှုတို့ကြောင့် ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(c) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ၊ ကျေးရွာသားအများစုလိုလို အရေးအဖတ်ကျွမ်းကျင်ကြပါသည်။ အခြေခံပညာမူလတန်း ကျောင်းနှင့် အနီးအနားကျေးရွာများတွင် အလယ်တန်း/ အထက်တန်းကျောင်းများရှိနေခြင်းကြောင့် အတန်းပညာ တက်ရောက်သင်ကြားနိုင်မှု မြင့်မားပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့် များပြားပါသည်။ ပညာ အရည်အချင်းများ အသင့်အတင့် တက်မြောက်ကြသော်လည်း အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင်မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက် သည် ယောကျ်ားလေး အရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် မ အရေ အတွက်မှာ ကျား အရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်

အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခ သဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီး များသည် အမျိုးသားများထက် လုပ်အားခနည်းပြီးရကြရသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၂)ဖွဲ့တို့ ရှိသည်။ လူမှုရေးဆိုင်ရာ အဖွဲ့များဖြစ်သည့် "မိခင်နှင့် ကလေးကျန်းမာရေး မြှင့်တင်သူ" အမျိုးသမီးအဖွဲ့နှင့် " အားမာန်သစ်" လူငယ်ပရဟိတ အမျိုးသား အဖွဲ့တို့မှာ ကျန်းမာရေး၊ နာရေး၊ သာရေး စသော လူမှုရေးကိစ္စများကို တတ်အားသရွေ့ ညီညာစုပေါင်းကာ ဆောင်ရွက်လျက်ရှိပြီး လူပ်ရှားဆောင်ရွက်မှု အားကောင်းပါသည်။ မြန်မာ့ အသေးစား ငွေချေးအဖွဲ့အစည်းများကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေး လုပ်ငန်းများကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာ နိုင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံကို အဓိကထား၍ စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၆၀.၈)ရှိပြီး၊ သီးထပ်အဖြစ် နွေစပါး (၁၂၀)ဧက၊ ဆောင်းသီးနှံ (၃၂၀)ဧက တို့ကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၇၀)တင်းနှင့် နွေစပါး(၁၂၀)တင်း၊ ပဲ (၁၀)တင်းတို့ ထွက်ရှိကြသည်။ နွေစပါး ဧက (၁၀၀)ကို မြောင်းရေ၊ အဝီစိတွင်းရေတို့မှ ရေသွင်း၍ စိုက်ပျိုး ကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးသည်။ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခ မပေးနိုင်ခြင်း ပြဿနာများကို

ရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် နည်းစနစ်များ လိုအပ်နေကြသည်။ နှစ်စဉ်ရေကြီး၊ ရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီး သော ပြဿနာတစ်ရပ် ဖြစ်နေသည်။

ကျေးရွာတွင် ဒေသထွက် မျိုးရင်းများဖြစ်ကြသော ဝက်၊ ကြက်၊ နွား၊ ဆိတ်၊ ဘဲတို့ကိုသာ မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ကြသော ရောဂါများကြောင့် သေဆုံးပျက်စီးမှု များရှိပါသည်။ နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်တိရစ္ဆာန်ဌာနနှင့် ချိတ်ဆက်မှု အားနည်းမှု တို့ကြောင့် အောင်မြင်မှု အားနည်းပါသည်။ မွေးမြူရေးလုပ်ငန်းပိုင်း ဆိုင်ရာအဟန့်အတားများ အနေဖြင့် မွေးမြူရေးလုပ်ငန်းများ တည်ထောင် တိုးချဲ့ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရရှိသောချေးငွေများမှာ အတိုးနှုန်း မြင့်မား လှပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများ မှာ နေ့စား အလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက် တွက်ချေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထား တွင်ရှိသည်။ လက်လုပ် လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီတွင် သာ အလုပ်အကိုင်များ ပြီး ကျန်အချိန်များ တွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းက ကျေးရွာ၏အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြသော အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ သင်တန်းများကို မြို့တွင် ဖွင့်လှစ်ထားသော်လည်း မတက်နိုင်ကြချေ။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းအနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျနှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြသဖြင့် ငွေကြေးအဆင်ပြေသော လူနည်းစုသာ သင်တန်းများသို့ တက်ရောက်ကြပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓာတု ဓါတ်မြေဩဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။

တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေး နည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံနှင့် ကော်နှင့်စပ်ဆက်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး ပေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၆.၇)ကျပ်တိုး၊ တစ်ဧက(၁၅၀၀၀) ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧက အတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် Pact Myanmar, မြတ်ကျွန်းသာ အစရှိသော မြန်မာ့ငွေရေးကြေးရေး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများမှ လာရောက်၍ ဖွဲ့စည်းပေးထား သော အဖွဲ့အစည်းများ ရှိပြီး တစ်နှစ်အတိုးနှုန်း (၃၀%) ဖြင့် လစဉ်အရစ်ကျ ပြန်လည်ပေးသွင်းခြင်း ပုံစံဖြင့် ငွေစုငွေချေးလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိသည်။ စည်းကမ်းပိုင်းတွင်လည်း တင်းကြပ်ထားသည်။ တချို့သော အိမ်ထောင်စုများသည် ရွာထဲမှ ငွေတိုးချေးစားသူများထံများမှ တစ်နှစ်အတိုးနှုန်း (၆၀%)မှ (၁၂၀%)ဖြင့် လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုများထံမှ တစ်နှစ် အတိုးနှုန်း (၃၆%) မှ (၆၀%)ခန့်ဖြင့်ချေးယူနိုင်ကြသည်။

ကျေးရွာတွင် ချေးငွေကို အကြောင်းအရင်းမျိုးစုံတို့အတွက် ချေးယူကြပြီး၊ ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။ ကျေးရွာအတွင်း အကြွေးထားရှိမှု လေ့လာဆန်းစစ်ချက် အရ အိမ်ထောင်စုအားလုံး၏ (၆၅%)သည် (၂၀၀၀၀၀)မှ (၅၀၀၀၀၀)အထိ ချေးယူထားသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု(၁၅%)မှ ငါးသိန်းအထက် ချေးယူထားသည်ကို တွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို ၉၀ပေ၊၃၀ပေရှိစာသင်ဆောင်တစ်ဆောင်ကို သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်းကျောင်းဆောင်တွင် ကလေးများကို ပညာသင်ကြား ပေးသည်။ ရွာသားအားလုံးမှ ရေးတတ်ဖတ်တတ်ကြသည်။ ရွာ၏ ကျောင်းတက်နှုန်းမှာ အသင့်အတင့် ရှိပါသည်။ စာသင်ဆောင်အတွက် ပရိဘောဂ အချို့လိုအပ်ပါသည်။ ကျောင်းတွင်မူလတန်းပြဆရာ (၂)ဦး၊ဆရာမ(၃)ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။

ကျေးရွာနှင့် မနီးမဝေးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ အနီးအနား မြို့သို့ ကားဖြင့် အလွယ်တကူသွားနိုင်သဖြင့် ကျန်းမာရေး လက်လှမ်းမှီသည်ဟု ဆိုနိုင်သည်။ သင့်တင့်သော ပုံစံများဖြင့် အဆင်ပြေအောင် ကျန်းမာရေးအတွက် ပြုမူဖန်တီးကြပါသည်။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် အင်ဂျင်စက်တပ်၊ အဝီစိတွင်းများမှ ရေရရှိပြီး လုံလောက်မှုရှိပါသည်။ အိမ်ထောင်စုအများစုက အိမ်သာကျင်းများကို ကွန်ကရစ်ခွေဖြင့် လည်းကောင်း၊အုတ်ဖြင့်လည်းကောင်း၊ ဝါးရိုင်းပတ်များဖြင့်လည်းကောင်း ဆောက်လုပ်သုံးစွဲ ကြပါသည်။ တစ်ရွာလုံး ယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြသည်။ ထို့ကြောင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်း ပါးပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသော ကြောင့် အသုံးပြုမှုလွယ်ကူပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေ အနားယူနိုင်သည့် နေရာ၊ အားကစားဆိုင်ရာ ဘောလုံးကွင်းများမရှိသောကြောင့် ပံ့ပိုးမှုများလိုအပ်နေပါသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးပွဲတော်များ၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းရှိလမ်းမှာ တစ်နိုင်တစ်ပိုင် ကျောက်ခင်းလမ်းရှိ၍ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာကျီများ အသုံးပြုမောင်းနှင်ကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ဘက်ထရီ၊ ဒီဇယ်အင်ဂျင်များ၊ ဆိုလာတို့ကို အသုံးပြုကြပါသည်။ လျှပ်စစ်မီးမှာ ကျေးရွာ၏ အဓိက လိုအပ်ချက်ဖြစ်ပြီး ရရှိနေသော လျှပ်စစ်များမှာ ဝန်နှင့်အား မမျှတမှု တို့ကြောင့် အချိန်အကန့်သတ်ဖြင့်သာ အသုံးပြုရပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်လှသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက် ဆောင်ရွက်ထားမှု မရှိသလောက် နည်းပါးသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါးသည်။

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ
လူသန့်ချောင်အုပ်စု ရေတွင်းကန့်လန့်ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ
စီမံချက်တစ်ခုခြင်းစီအတွက် အရေးကြီးမှု အပေါ် မူတည်၍ အမှတ်ပေးရန် (၁ မှ ၁၀) မှတ်

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၅)	စုစုပေါင်း ရမှတ်	အဆင့်
၁။	ကုန်ထုတ်ပစ္စည်း အရောင်းအဝယ်ပြုလုပ်ရန် ကျေးရွာ ရွာတွင်းလမ်း လိုအပ်ခြင်း	၁၀၀	၁၀၀	၉၉	၁၀၀	၉၅	၄၉၄	
၂။	လျှပ်စစ်မီးမရရှိခြင်း	၉၀	၈၇	၉၁	၈၄	၉၄	၄၄၆	
၃။	ကျန်းမာရေးဆိုင်ရာနည်းပညာနှင့်ဝန်ဆောင်မှု များလက်လှမ်းမမီခြင်း	၈၀	၇၅	၆၃	၆၈	၃၁	၃၁၇	
၄။	ကျောင်းပရိဘောဂနှင့်ကျောင်းခြံစည်းရိုး မရှိခြင်း	၇၀	၆၁	၅၄	၅၃	၂၈	၂၆၆	
၅။	နွေရာသီစိုက်ပျိုးရေ မလုံလောက်ခြင်း	၆၀	၄၀	၅၀	၃၄	၃၅	၂၁၉	
၆။	သီးနှံဖျက်ပိုးကျရောက်ခြင်း	၅၉	၃၉	၄၉	၃၃	၃၄	၂၁၄	
၇။	ချေးငွေ	၅၈	၃၈	၄၈	၃၂	၃၃	၂၀၉	
၈။	မွေးမြူရေး အားနည်းခြင်း	၅၇	၃၇	၄၇	၃၁	၃၂	၂၀၄	
၉။	အရောင်းအဝယ်ဈေးကွက်မတည်ငြိမ်ခြင်း	၅၆	၃၆	၄၆	၃၀	၃၁	၁၉၉	
၁၀။	နည်းပညာနှင့်ဆိုင်သော ဝင်ငွေရလုပ်ငန်းမလုပ် နိုင်ခြင်း	၅၅	၃၅	၄၅	၂၉	၃၀	၁၉၄	
၁၁။	အားကစားလှုပ်ရှားမှုအားပြုလုပ်ရန် အခက်အခဲ ရှိခြင်း	၅၄	၃၄	၄၄	၂၈	၂၉	၁၈၉	
၁၂။	သက်ကြီးရွယ်အိုများအတွက်စောင့်ရှောက်မှုအား နည်းခြင်း	၅၃	၃၃	၄၃	၂၇	၂၈	၁၈၄	

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၅)	စုစုပေါင်း ရမှတ်	အဆင့်
၁၃။	အသက်မွေးဝမ်းကျောင်းသင်တန်းများ မတက်ရောက်နိုင်ခြင်း	၅၂	၃၂	၆၂	၂၆	၂၇	၁၇၉	
၁၄။	ရာသီအလိုက်ရောဂါများ ဖြစ်ပွားခြင်း (ဝမ်းပျက်ဝမ်းလျော)	၅၁	၃၁	၆၁	၂၅	၂၆	၁၇၄	
၁၅။	ကျေးရွာတွင် ရွာသူ၊ရွာသားများကျန်းမာရေးလေ့လာလိုက်စားမှုအားနည်းခြင်း	၅၀	၃၀	၆၀	၂၄	၂၅	၁၆၉	

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ
လူသန့်ချောင်အုပ်စု ရေတွင်းကန့်လန့်ကျေးရွာ၏ ဦးစားပေးဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်းများ

စဉ်	စီမံကိန်းလုပ်ငန်းအမည်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	မှတ်ချက်
၁။	ကုန်ထုတ်ပစ္စည်း အရောင်းအဝယ်ပြုလုပ်ရန် ကျေးရွာ ရွာတွင်းလမ်း လိုအပ်ခြင်း	✔					
၂။	လျှပ်စစ်မီးမရရှိခြင်း		✔				
၃။	ကျန်းမာရေးဆိုင်ရာနည်းပညာနှင့်ဝန်ဆောင်မှုများလက်လှမ်းမမီခြင်း			✔			
၄။	ကျောင်းပရိဘောဂနှင့်ကျောင်းခြံစည်းရိုးမရှိခြင်း				✔		
၅။	နွေရာသီစိုက်ပျိုးရေ မလုံလောက်ခြင်း					✔	

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်း လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာအထက်တန်းကျောင်း၏ ပညာရေး အရည်အသွေး တိုးတက် ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ခေတ်မှီလယ်ယာ ဖော်ထုတ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်သည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်တော်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများကို လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့ မတက်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်း သည် အထက်တန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ကောင်းမွန်စေရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့် မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစား များအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ (နိုင်ငံတကာ

ဖွံ့ဖြိုးမှု အဖွဲ့အစည်းများ ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များကို ထားရှိမည်။ ဥပမာ- ကျေးရွာတွင်းလမ်းများ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ် ရန်နှင့် ပြုပြင်ထိန်း သိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များကို ထားရှိမည်။ ဥပမာ- ကျေးရွာအတွင်းလမ်းများ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် နှစ်စဉ်လမ်းပြုပြင်ခြင်းအတွက် ထည့်ဝင်လျှဒါန်းလိုသူများထံမှ အလှူငွေများကောက်ခံခြင်း၊ လမ်းပေါ်ဝင်ထွက်သွားလာနေသော ယာဉ်နှင့် ကုန်ပစ္စည်း ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကြပ်မတ်ဆောင်ရွက်ပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံး လုပ်ငန်းများ ဆောင်ရွက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း အလိုက်တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု၏အစီရင်ခံစာကို ရွာလူထုအစည်းအဝေးပွဲ၌ အစီရင်ခံတင်ပြ ပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စ များကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် လုပ်ငန်းပြီးမြောက်မှု အတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆို ပြုချက်များ

ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီရင်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ –

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့

- မြို့နယ်အုပ်ချုပ်ရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူ များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် ပတ်သက်သူများထံမှ အကြံပြုချက် သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းများကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်ဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး

အစီအစဉ်၏ အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်များကို ပြန်လည် ပြုပြင် ဆောင်ရွက်နိုင်ပါမည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းနှင့် စီမံကိန်းဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ လိုအပ်မည် ဖြစ်သည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိမ်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ခြင်း မရှိသေး သော်လည်း ၃မိုင် ခန့်သာ ဝေးကွာသော အသုတ်မြို့ အနီးတွင် မဟာဓါတ်အားလိုင်း နီးစပ်နေခြင်း သည်လည်း မျှော်လင့်ချက် တစ်ခုဖြစ်သည်။ ရွာမီးလင်းရေးအတွက် ဧဝလောင်စာ၊ ဒီဇယ် အင်ဂျင်၊ ဆိုလာမီးတို့ဖြင့် ကျောင်းသား ကျောင်းသူတို့အတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်စေခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့ အတွက် ဆောင်ရွက်နေကြပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၀%)သည် အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာ စေနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေ အနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အလွယ် တကူ လက်လှမ်းမီနိုင်ကြပါသည်။ စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ကျောင်းကုန်းမြို့ နှင့် အသုတ်မြို့ ဆေးရုံများသို့လည်း သွားရောက်ကုသမှု ခံယူနိုင်ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်းတွင် ကျောင်းသုံးပရိဘောဂ ပံ့ပိုးပစ္စည်းများမှာ လိုအပ်နေဆဲဖြစ်ပါသည်။

သဘာဝ အရင်းအမြစ်များအနေတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုး ထုတ်လုပ်မှု

အတွက် အထောက် အကူဖြစ်ပါသည်။ ကျေးရွာတွင် ချောင်းရေသွင်း၍ နွေစပါး ၁၀၀ကေကို စိုက်ပျိုးထုတ်လုပ်ပါသည်။ ကျေးရွာသည် အသုတ်၊ ကျောင်းကုန်း၊ ရန်ကုန်မြို့တို့သို့ ကားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာ ဆိုင်ရာ ပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ပြီး ဒေသတွင်းထုတ်ကုန်များကို နီးကပ်ရာ ကျေးရွာများမှ တဆင့်ပြီးတဆင့် ရောင်းချနိုင်ခြင်းဖြင့် ဈေးကွက်တစ်ခု ဖြစ်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်း အရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ အင်တာနက် အသုံးပြုမှုမှာလည်း ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများသည် မြေဩဇာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားများ အထွက်နှုန်းတိုးတက်အောင် ကျေးရွာလူထုပူးပေါင်းပါဝင်ပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများမှရရှိခြင်း ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထား တိုးတက်ရရှိ လာစေရမည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေး အုပ်စုများဖွဲ့ပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် စီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်တစ်ခုအဖြစ် ဖန်တီး တည်ဆောက်မည်။

ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး များကို ချမှတ်ပြီး ကျေးရွာသူ၊ ကျေးရွာသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်မည်။

ကျွန်ုပ်တို့သည် ခေတ်မှီလယ်ယာများ ဖော်ထုတ်ပြီး အရည်အသွေးမြင့် နည်းပညာများ စိုက်ပျိုးရေး ထုတ်ကုန်များ ထုတ်လုပ်မည်။

(ဂ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်ကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းများနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများအတွက် ခွဲဝေနေရာ ချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာ ထွန်းကားလာရေးအတွက် သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကလည်း ရရှိထားသော နည်းပညာများကို ကျေးရွာရှိ လူထုကို ပြန်လည်မျှဝေပေးပြီး မိမိ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး ပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ မိတ်ကပ်အလှပြင်၊ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ စိုက်ပျိုးရေးသင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများ တက်ရောက်နိုင်ရန်

စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသား များအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ကျေးရွာရှိ မူလတန်းကျောင်းကို ခြံစည်းရိုးကာခြင်း၊ လိုအပ်သော စာသင်ဆောင် သင်ထောက်ကူများ၊ စားပွဲ၊ ပရိဘောဂတို့ဖြင့် စာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာ သင်ကြားနိုင်ရန် ဆောင်ရွက်ပေးမည်။ မူကြိုကျောင်းအား ပြည့်စုံသောထောက်ပံ့မှု ရရှိအောင် ဆောင်ရွက်ပေးမည်။ ကျောင်းအားကစား တိုးတက်စေရန် အားကစားကွင်းကို အဆင့်မြှင့်တင်ပေးမည်။

ကျေးရွာတွင် ကျေးရွာလမ်းများ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်မည်။ ကျေးရွာ၏ အခြေခံ အဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်မည်။ တချိန်တည်းတွင် ကျေးရွာအဆောက် အအုံများကို အသုံးပြုစီမံခန့်ခွဲထိမ်းသိန်းရေးအတွက် စီမံခန့်ခွဲနိုင်ရေးကိုလည်း တိုးတက်နိုင်အောင် ဆောင်ရွက် ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်း များကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုးတက်နိုင်အောင် ဆောင်ရွက် ကြမည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက် အဆင့်မှ ကူညီ ဖြေရှင်းရမည့် ကိစ္စများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့ များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်း နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး နည်းစနစ် ကောင်းမွန်ရန် ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ ဆောင်းစပါး၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာတွင် ရေကြီးနှစ်မြုပ်ခြင်းသည် အဓိက ပြဿနာတစ်ရပ် ဖြစ်သည်။ ရေကြီးနှစ်မြုပ်မှုနှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မှီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင်သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ ဖျက်ပိုးများအန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ၊ စိုက်ပျိုးရေးသုံးဆေးများ ဈေးကြီးခြင်း၊ မတ်ပဲ၊ ပဲတီစိမ်း ကျဆင်းမှုကြောင့် တောင်သူများ အရှုံးနှင့် ရင်ဆိုင် နေရပါသည်။ ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးများ လုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

(ဂ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

